# ၁၄၁ ငြိမ်သက်ခြင်းမြတ်နိုးသူများကို ရှာဖွေခြင်း
(လုကာ ၁၀:၆)

၁။ ယေရှုမိန့်ကြားခဲ့၊ ‘အမှန်တရားကြေညာ’ ဖို့။
ချစ်ချစ်တောက်အပူ၊ ဖုန်ထူလမ်းထဲ
လူတိုင်းကိုပြော၊ ယေဟောဝါအကြောင်း။
ဘုရားသိုးများကို ယေရှုချစ်မြတ်နိုး၊
မိုးလင်းမိုးချုပ်၊
နေရာတိုင်းမှာ၊ လူတိုင်းကို ဟောပြော။
တစ်အိမ်ပြီးတစ်အိမ်၊ လမ်းများမကျန်။
ကြုံတွေ့သမျှ လူတိုင်း တို့ဟော၊
လူ့ဒုက္ခအားလုံးအဆုံးတိုင်တော့မယ့်အကြောင်း။

*(ထပ်ကျော့ပိုဒ်)*
*နေရာတိုင်းရှာ*
*ငြိမ်သက်ခြင်းမြတ်နိုးကြသူများကို။*
*နေရာတိုင်းရှာ*
*ကယ်တင်ခြင်းရလိုကြသူများကို။*
*တစ်ယောက်မကျန်*
*တို့ဟောပြောလို။*

၂။ အချိန်ကုန်မြန်လွန်းလို့၊ ရေကုန်ရေခန်းရှာ။
သန်းပေါင်းများစွာ လူတွေထဲမှာ
တစ်ယောက်လောက် အသက်ရဖို့ပါ။
မေတ္တာတွန်းအားကြောင့် ပြန်သွားလည်ပတ်ကြ။
ဒဏ်ရာရနှလုံး ပြန်ကုစားနိုင်၊
ဘဝအက်ကြောင်း ဆက်နိုင်။
မြို့ကြီး၊ ကျေးလက်၊ အနှံ့တို့ရှာ။
စိတ်ဝင်စားသူ တွေ့တဲ့အခါ
ရှင်လန်းဝမ်းသာ၊ ဆက်လုပ်ဖို့ တို့ခွန်အားရ။

*(ထပ်ကျော့ပိုဒ်)*

(ဟေရှာ. ၅၂:၇; မ. ၂၈:၁၉၊ ၂၀; လု. ၈:၁; ရော. ၁၀:၁၀ တို့ကိုလည်းကြည့်ပါ။)

*snylpnw*-BU No. 141 3/15
© 2015 Watch Tower Bible and Tract Society of Pennsylvania